
ရူးခါနေအောင်ချစ်ရသူ
ဟန်းရှောင်ဝီတိကျူး

## အပိုင်း ၁

အဝေးပြေးလမ်းမပေါ် တစ်ခု၌ တရားမဝင် ဆိုင်ကယ်ပြိုင်ပွဲ တစ်ခုတွင်

"ဝူး ... ဝူး ... ဝူး"

"ဝိုး ... ရေး ... ဖြောင်း ... ဖြောင်း"

"DD နိုင်သွားပြီဟေ့"

"ဘယ်ဆိုးလို့လဲ နင်က လောင်းရကျိုးနပ်တယ် DD"

"နင်ငါ့အကြောင်း မသိဘူး သက်ထား"

"Congratulations ပါDD"

"ရှင်က ... ဘယ်သူလဲ"

"သုခဝန်းရံပါ ဒီက မိန်းမလေးနဲ့ ခင်ချင်လို့"

Gentleman စတိုင်နှင့် အနောက်တိုင်းဝတ်စုံနဲ့ လူတစ်ယောက်က DDအား လာနှုတ်ဆက်ခြင်း ဖြစ်သည်။

"DDအကြောင်း မသိတာလား ဒါဆိုရင်လည်း အဝေးကိုရှောင်းနော် ကျွန်မ မျက်စိနောက်တယ်"

ဝန်းရံအား ပခုံးတိုက်ကာ ထွက်သွားသော မိန်းကလေးအား

"စိတ်ဝင်စားစရာပဲ"

"Boss ဘာလို့ ဂျစ်ပစီလို ကောင်မလေးကို ရွေးပြီးကြိုက်တာလဲဗျ"

"သဘောကျလို့"

"ကျွန်တော်တော့ သူ့ကို မလိုက်ခိုင်းစေချင်ဘူး"

"ဘာလို့လဲ"

"သူ့နာမည်အရင်းက အသွင်ခြားတဲ့ ဦးကမ္ဘာမြေခြားရဲ့ အငယ်ဆုံးသမီး သူ့ကိုဘယ်ကောင်လေးမှ မလိုက်နိုင်ဘူး အတိုက်အခိုက်ကလည်း fighterပဲ ပြီးတော့ သူများမလုပ်နိုင်တဲ့ ပွဲတွေအရာတွေ သူအကုန်တတ်တယ် လုပ်တယ် သူ့ကိုgayနေတာလို့ ပြောကြတယ်"

"အဟက် စိတ်ဝင်စားသွားပြီ လိုက်ကြည့်တာပေါ့"

"ဗျာ"

တေဇတစ်ယောက် ခေါင်းခါ၍သာ ထိုနေရာမှ ထွက်ခွာလာလိုက်သည်။

"မိအသွင်ခြား"

"ရှင် ဒယ်ဒီ ဒယ်ဒီအလုပ် မသွားဘူးလား ဟီးဟီး"

အသွင်ခြား သွားသုံးဆယ့်နှစ်ချောင်းဖြီးကား ဦးကမ္ဘာမြေခြားအား ပြောလိုက်သည်။ အသွင်ခြား အကြောက်ဆုံးလူသည် ဒယ်ဒီဖြစ်သည်။

ဒယ်ဒီသည် အပြစ်ပေးကြမ်းသလို တစ်အိမ်လုံး၏ အိမ်ဦးနတ်ဖြစ်တာကြောင့် ချစ်ကြောက်ရိုသေကြသည်။ အသွင်ခြားသည် မောင်နှမများနှင့် အလွန်ခြားနားသည်။ ငယ်ငယ်ကတည်းက တစ်အိမ်လုံးကို ပတ်မွှေသည်။ ကြီးလာတော့လည်း မွှေသည်။ ကလပ်တက် ဘားတက် ဆိုင်ကယ်ပြိုင်ဘာပြိုင်နှင့် မိန်းကလေးနှင့်ကို မတူ။ ထိုကြောင့်လည်း အသွင်ခြားနေခြင်းသာ။

"အေး မသွားသေးဘူး သမီးဆိုးလေးကို စောင့်နေတာ မနေ့ကလည်း ဆိုင်ကယ်သွားပြိုင်တယ်ဆို ခုလည်းကြည့် ဆံပင်ကို ဆေးဆိုးထားတာကလည်း သမီးကိုသမီး ဆယ်ကျော်သက်လား ဟမ်"

"ဒယ်ဒီကလည်း သမီးအဲဒါတွေလုပ်ရတာ ပျော်တယ်လေ အဲဒါကြောင့်မို့"

"သမီးဘွဲ့လည်း ရနေပြီလေ အလုပ်လေးဘာလေး လုပ်တော့လေ ခြားတို့ ရန်တို့လည်း ငြိမ်နေပြီ သမီးရှေးကလည်း ငြိမ်တယ် သမီးပဲ ပြောရခက်နေတာလေ"

"မာမီတို့ကလည်း သွင်မှ မလုပ်ချင်သေးတာ တော်ပြီတော်ပြီ သက်ထားတို့နဲ့ ချိန်းထားတာ သွားတော့မယ်"

"ဟော သမီး"

"မငြီး ကိုတို့သမီးကို တစ်ခုခု လုပ်ပေးမှရတော့မယ်"

"အင်းပါကိုရယ် အတင်းကြီးတော့ မလုပ်ပါနဲ့"

"ကိုလည်း သွားတော့မယ်"

"အင်း"

What if we rewrite the stars say you're made to be mine nothing can keep us apart

မင်းစစ်သည်တစ်ယောက် Campanyတွင် အလုပ်လုပ်ရှုပ်နေတုန်း စားပွဲပေါ်မှ ph မြည်သံကြောင့် ကြည့်လိုက်ရာ contact nameပေါ်က နာမည်တစ်ခုကြောင့်

"ဟယ်လို"

"ဟယ်လို စစ်သည် Roseပါ"

"အင်းပြော Rose"

"မနက်ဖြန် ညနေကျရင် ကို မင်းနဲ့ Roseတို့ရဲ့ anni partyရှိတယ် လာခဲ့ပေးနိုင်မလားလို့ ဖိတ်တာပါရှင်"

စစ်သည် ခဏတာ တွေဝေပြီးနောက် "လာခဲ့ပါ့မယ်"

Phကို ချလိုက်သည်နှင့် စစ်သည် သက်ပြင်းချမိသည်။ Roseဆိုသည်မှာ သူ့ရင်ထဲက အနှစ်နှစ်အလလ ချစ်ခဲ့ရတဲ့ မိန်းကလေးတစ်ဦး။ အတိတ်က အကြောင်းများကို တွေးမိသွားသောကြောင့် ချက်ချင်းပင်ခေါင်းခါကာ အလုပ်အား အာရုံစိုက်လိုက်သည်။

DDတစ်ယောက် supermarketထဲ၌ ယောင်လည်လည်ဖြစ်နေသည်။ မနက်က သက်ထားph ဆက်ထားသောကြောင့် partyတစ်ခုအား သွားရမယ် ပွဲတက်ရန် အဝတ်အစားနှင့် လက်ဆောင်ပစ္စည်း ဝယ်ရမယ်။ မာမီနှင့်အစ်မရှေးအား ခေါ်သော်လည်း သူကငြင်းသည်။ ခက်သည်က DDဈေးမဝယ်တတ်မှန်း သိရက်နှင့် မလိုက်ခဲ့ကြခြင်း ဖြစ်သည်။

"ဟူး ခုမှရတော့တယ် အား ... "

"ဘုတ်"

"ဟင် မင်းရရဲ့လား"

"ခင်ဗျားကြီး ဘယ်လိုမောင်းလာတာလဲ အ နာလိုက်တာ"

အသွင်ခြားတစ်ယောက် ကုန်တိုက်မှအထွက် ကားတစ်စီးရှေ့တွင် ထိုးရပ်လိုက်သောကြောင့် မတိုက်သော်လည်း လန့်ရှိန်ကြောင့် ဘုတ်ခနဲ ကျသွားသည်။

မင်းစစ်သည်လည်း ရှေ့ကကောင်မလေး သူ့ကားနှင် တိုက်မိသောကြောင့် ခြေချင်းဝတ် လည်သွားပုံရသည်။

"အမလေး''

"မင်း ထိခိုက်သွားတယ်မလား ငါဆေးခန်း လိုက်ပို့ပေးမယ် ခြေခေါက်သွားတယ် ထင်တယ် ငါ့ကားနဲ့တိုက်မိတော့ ငါတာဝန်ယူပေးမယ်"

အသွင်ခြားလည်း သူ့အားကောက်ပွေ့လိုက်သော ဦးလေးကြီးကြောင့် ရင်

ထဲကထိတ်ခနဲ။ အနီးကပ် မြင်နေရသော နှာတံစင်းစင်း မျက်ဝန်းနက်နက် မျက်ခုံးထူထူ ထောင့်ကျပြေပြစ်သော မျက်နှာနှင့် ပန်းရောင်သန်းနေသော နှုတ်ခမ်းပါးကြောင့် ရင်ခုန်သံမှာ မြန်လာသည်။ တစ်ခါမှ ရင်မခုန်ဖူးသော နှလုံးသားက သစ္စာဖောက်လာသည်။

မင်းစစ်သည်လည်း လမ်းတစ်လျှောက်လုံး သူ့အားငေးနေသော ချာတိတ်မလေးကြောင့် နေရတာ ကသိကအောက် ဖြစ်လာသည်။ သူ့အား မျက်တောင်မခတ်ဘဲ ငေးနေသည်မှာ

သူလှည့်ကြည့်လိုက်မှ မျက်နှာက ဟိုဘက်ရွေ့သွားသည်။

"ဘယ်လို ကောင်မလေးပါလိမ့်"

ဆေးခန်းတွင်လည်း လုပ်စရာရှိတာလုပ်ပေးပြီး အိမ်ကိုလည်း သူကိုယ်တိုင် လိုက်ပို့လိုက်သည်။ သူသတိမထားမိလိုက်တာ တစ်ခုက သူလိုက်ပို့သောအိမ်ကို ဂရုမစိုက်ဘဲ ပြန်လာလိုက်သည်။ အကယ်၍ သူပို့ပေးလိုက်သော အိမ်မှာ Golden Villa ဆိုတာ သိလျှင်။

"သမီးခြေထောက်က ဘယ်လိုဖြစ်တာလဲ"

"ကားတိုက်လာတာ"

"ဟေ" ဒေါ်ရှုမငြိမ်းတစ်ယောက် မျက်လုံးပြူးသွားသည်။

"ဘာဖြစ်သွားသေးလဲ ဟင် ဘယ်နားနာသေးလဲ'

"ဘာမှမဖြစ်ဘူး ခြေခေါက်တာ"

"ဟေ"

"ဟင်"

"ဟမ်"

ဦးကမ္ဘာမြေခြား။ ကာရန်ခြား။ ရေးရိုးကမ္ဘာ တို့ပါ မျက်လုံးပြူးသွားရ

သည်။ သူတို့ညီမ ဒါမျိုးဒဏ်ရာလောက်နှင့် ဆေးခန်းသွားတတ်သည် မဟုတ်။ ဆေးခန်းဆိုရင် မုန်းလည်းမုန်း ကြောက်လည်းကြောက်သည့် အသွင်ခြား။ ဘယ်လိုစိတ်ကူးနဲ့ သွားပါလိမ့်။ ဖြစ်ကြောင်းကုန်စင် ရှင်းပြတော့မှ ရိပ်မိသွားကြသည်။ သူတို့ညီမလေး ဘာလို့ ပတ်တီးစီးရသလဲလို့။

"တော်ပြီ အပေါ်တက်တော့မယ်"

"ဒေါက် ... ဒေါက် ... "

"ဂျောက်"

"မမ ဘာလာလုပ်တာလဲ"

"အဟွန့် ဘာရယ် မဟုတ်ပါဘူး ငါတို့ညီမလေး ဒီနေ့ အသွင် ခြားနေလို့ ... "

"မမနော် ဟာသ မလုပ်နဲ့ ဒီမှာတင်းနေတာ နာမည် မသိလိုက်ရလို့ ချေလိုက်တာလည်း လွန်ရော"

"မျက်နှာ မှတ်မိနေတာပဲ ပြီးတော့ ညီမလေးနဲ့ ရေစက်ရှိရင် ကြုံဦးမှာပေါ့"

"ငါတို့ ညီမလေးတောင် အဟင်းအဟင်း ရန်ခုန်တတ်နေပြီ"

"မမ မစနဲ့နော်"

"အင်းပါ ဒါနဲ့ ရန်အကြောင်းပြောမလို့ နေ့လယ်က ရှုံးပွဲရှိလို့ ညီမလေးဆီ ဖုန်းမဆက်တာတဲ့"

"နေပါစေဦး ပြန်လာမှ ဂျစ်တိုက်ပစ်မယ်"

"ဟွန့်ဟွန့် ခဏနေ ဆင်းခဲ့တော့ ထမင်းစားရအောင်"

***

## အပိုင်း-(၂)

"လက်ထပ်ရမယ် ဟုတ်လား အဘွား"

"ကျွန်တော်ပြောပြီးပြီလေ လက်မထပ်ချင်သေးဘူးလို့ ခုဟာက ဟိုဘက်မိန်းကလေးကလည်း ကျွန်တော့်ထက် ၇နှစ်လောက် ငယ်တယ်လေဗျာ"

ဖြုန်းစားကြီး ပြောလိုက်သော စကားကြောင့် စစ် အံ့သြ သွားရသည်။

"မင်း အဘွားတို့ မျက်နှာပျက်အောင် မလုပ်နဲ့ ခုဟာကလည်း တူ ကမ္ဘာမြေခြားရဲ့ သမီးတစ်ယောက်ပဲ ကမ္ဘာမြေခြားမှာ သားနှစ်ယောက် သမီးနှစ်ယောက် ရှိတယ် ငါက မင်းနဲ့ သင့်တော်မယ်ထင်တဲ့ သမီးတစ်ယောက်ကို ငါကိုယ်တိုင် ခေါင်းခေါက်ရွေးမယ်"

ဒေါ်စိန်မိုးစက် စီးပွားရေးအရ လုပ်ဖော်ကိုင်ဖက်လည်းဖြစ် အသိမိတ်ဆွေလည်း ဖြစ်သည့် မောင်ကမ္ဘာမြေခြားတို့ မိသားစုနှင့် တိုင်ပင်ထားပြီးသား ဖြစ်သည်။ ကြိုမပြောဘဲ သေချာစီစဥ်ထားသောကြောင့် စစ် မျက်မှောင်ကြုတ်သွားသည်။

"ဒီတစ်ပတ်အတွင်း သွားတောင်းမယ် ငြင်းဖို့ မကြိုးစားနဲ့"

အဘွားဖြစ်သူ၏ တစ်ချက်မိန့်အာဏာကြောင့် မင်းစစ်သည် မယားသည့်ခေါင်းအား လက်ဖြင့် ကုတ်နေမိသည်။ အမှန်ဆိုလျှင် သူအိမ်ထောင်မပြုချင်။ နောက်ထပ် မည်သူ့ကိုမှ ထပ်မချစ်နိုင်တော့၍ ဖြစ်သည်။

သူ့ရဲ့ ပထမအချစ်သည် လွဲခဲ့ရသည်။ နောက်ထပ်လည်း ထပ်မချစ်ချင်တော့။ နှလုံးသားကို သော့ခတ်ကာထားချင်သည်။

***

Golden Villa

"ဒါဆို မမရှေး(ရှေးရိုးကမ္ဘာ) နဲ့စေ့စပ်ပေးမှာပေ့ါ ဟုတ်လား မမရှေးတော့ ဈေးဦးပေါက်ပြီ"

မိသားစု ထမင်းဝိုင်းလေးထဲ အချိုပွဲတည်းနေကြတုန်း စကားစမြည် ပြောကြရင်းမှ မမရှေးနှင့် စေ့စပ်မည့် ကိစ္စအား ကြားတော့ အသွင်ခြား ခရင်းလေးကိုင်ထားရင်း ရယ်ပြုံးပြုံးနှင့်ဆိုသည်။ ဒေါ်ရှုမငြိးကလည်း ပန်းသီးများအား အစိတ်လေးတွေ စိတ်နေသည်။ ဦးကမ္ဘာမြေခြား ... ရှုမငြိးနှင့် ရှေးရိုးကမ္ဘာတို့က တစ်ဖက်၊ အသွင်ခြားနှင့် ကာရန်ခြားက တစ်ဖက် ထိုင်နေကြသည်။ ထိုစားပွဲဝိုင်းထဲ မရှိသူမှာ နယ်ရှိုးသွားနေသည့် ကမ္ဘာရန်ရှင်းဖြစ်လေသည်။

"သွင်ကလည်း မမမှ လက်မထပ်ချင်သေးတာ ခုဟာက တစ်ပတ်အတွင်း စေ့စပ်တာကြီးက မဟုတ်သေးပါဘူး"

"ဒယ်ဒီတို့ကလည်း မငြင်းချင်ဘူး ဘွားစိန်ကို သူ့မြေးက သမီးထက် ခုနစ်နှစ်လောက်ကြီးမယ် မောင်စစ်သည်က မိန်းမအရှုပ်အရှင်း အတော်ကင်းတယ်။ သူ့ရဲ့UG Entertainment က သားရန်(ကမ္ဘာရန်ရှင်း)ရဲ့ main sponsor company တစ်ခု။ ဒယ်ဒီတို့နဲ့လည်း စီးပွားရေးပါတနာတွေ အစကတော့ သမီးလေးသွင်နဲ့ ပြောမလို့ပဲ မောင်စစ်အနေနဲ့ သမီး သွင်နဲ့ အဆင်ပြေမယ် မထင်လို့လေ"

"သွင်က ဘာဆိုင်လို့"

အသွင်ခြားနှင့် ဆိုသောကြောင့် မျက်လုံးဝိုင်းလေးနှင့် မော့ကြည့်နေရင်းမှ အမှီပါသည့် ကုလားထိုင်အား ကိုယ်နွဲ့၍ မှီထားသည်။ လာဗင်ဒါရောင်ဆန်

ဆန် ဆိုးထားသည့် ခရမ်းဖျော့ဖျော့ ဆံပင်ရှည်တွေအားလည်း ဖြန့်ထားသလို သူမပုံစံက အိမ်နေရင်းနဲ့တောင် Bad girl စတိုင်ဖြစ်နေသည်။

"အစ်ကိုစစ်သည်နဲ့ ရှေးနဲ့က လိုက်ဖက်ပါတယ်"

ကာရန်ခြားက ဝင်ပြောသည်။ အသွင်ခြားနှင့် ဒေါ်ရှုမငြိမ်းကတော့ ခေါင်းတညိတ်ညိတ်။ ရှေးရိုးကတော့ ခေါင်းသာခါ၍ companyသွားရန် ပြင်သည်။

ရှေးရိုးထွက်သွားတော့ ကာရန်ခြားနှင့် အသွင်ခြားသာ ကျန်ခဲ့သည်။

"ကိုကြီးရော ဖူးစာဖက် မလာသေးဘူးလား မြားနတ်မောင်ကလည်း လူပျိုကြီးကို မေ့နေတာလားမသိ"

"မိအသွင်ခြား နင်သာမဆိုးနဲ့ တစ်နေ့ကို ရဲစခန်းဘယ်နှခေါက်လောက် ဝင်ထွက်နေတာလဲ ခုထိဝေ့လည်ကြောင်ပတ် လုပ်နေတုန်း"

ရန်ပွဲတိုင်းလိုလိုလည်း အသွင်ခြား မပါတာမရှိ။ သူငယ်ချင်း တစ်ယောက်ဖြစ်သည့် ရဲမေကတောင် အသွင်ခြားအား ကြည့်မရတော့သည်က ရဲစခန်းအား ကိုယ့်အိမ်လို ခဏတိုင်း အလည်အပတ် ထွက်နေ၍။

"ဟာcaptainကြီးကလည်း လူပျိုကြီး ပိုက်ဆံဖြုန်းပေးတာလေ ဘာလဲ မကြိုက်ဘူးလား ရဲစခန်းကလည်း သူတို့အရင်ရန်စလို့ပါ ဟဲဟဲ"

ကာရန်ခြားမှာ လေယာဉ်pilot တစ်ယောက်ဖြစ်သူမို့ အသွင်ခြားနှင့် လေးနှစ် လောက်ကွာသည်။ အသွင်ခြားမှာ 24နှစ်ထဲ ဝင်နေပြီဖြစ်ပြီး ကာရန်ခြားက နှစ်ဆယ့်ရှစ်နှစ် ကျော်နေပြီဖြစ်သည်။

"နင့်ကိုနင် မိန်းကလေးဆိုတာရော သိသေးရဲ့လား"

"သိသားပဲ"

မျက်စိတစ်ဖက်ကိုမှိတ် လျှာအား ထုတ်ပြ၍ ရွဲ့ဖြေသည်။ ဦးခြားတို့

လင်မယားကတော့ ဘာမှဝင်မပြော။ ပြုံး၍သာ ကြည့်နေလေသည်။

***

ကျောင်းတွင်းကန်တင်း တစ်ခု၌ သူငယ်ချင်း ခုနစ်ယောက်လောက် စုထိုင်နေကြသည်။ ကန်တင်းဆိုသည့်အတိုင်း အသံက ဆူညံနေသည်။ uni ကျောင်းသူတွေဆိုတော့ ကိုယ့်အုပ်စု သူ့အုပ်စုနှင့် ထိုင်ကြသည်။ သစ်ပင်ဝါးရိပ် တစ်ခုအတွင်း သီးသန့် ရှိနေကြသည့် သူငယ်ချင်း ငါးယောက်ကတော့ ကန်တင်းနှင့် အလှမ်းဝေးတာတောင် အသံတို့က ကြားနေရသည်။

"နင်တစ်ကတ်ချ"

"+4တဲ့ အကျင့်မကောင်းကြတာ ငါ့မှာကတ်တွေများနေပြီ"

"နင့်အလှည့် မရှိရင်တစ်ကတ်ဆွဲ"

"UNO"

"ဟာ ရှိုင်းစုတ်"

"UNO Game"

"တော်ပြီ နောက်ခါမဆော့တော့ဘူး"

ကေသွယ်က နှာခေါင်းရှုံ့ရင်း ပြောလိုက်သည်။

"နင် အ,တာကို"

"ဘာမှ ငါ မအ,ဘူး နင်ညစ်တာ"

UNO ဆော့နေကြကာ ခဏခဏ ဂိမ်းနေသော ရှိုင်းအား မျက်စောင်းခဲထားရင်း နှုတ်ခမ်းက အလိုလို ထော်လာသည်။

ဆုမွန်ကတော့

"ငါ့ကိုကြီး လာနေပြီ နေ့လယ် နှစ်ချိန်ပျက်မယ် roll callလေး"

"ကြွကြွ သူ့ကိုကြီး ကိုကြီးနဲ့ faမ မှ အားမနာ"

မွန်သဲက ဝင်ပြောသည်။ ကျန်သူများက ဘာမှမပြောတော့ ... Finalကျောင်းသူများဖြစ်သည့်အလျောက် အတန်းချိန်က အခြား အတန်းလောက်မများ။ ကျောင်းသည်လည်း ဖွင့်စဆိုတော့ စာသိပ်မသင်သေး။ ကျောင်းအထာ နပ်နေပြီဖြစ်၍ roll callလောက်က အေးဆေး။

"နင် စာစစ်တာ မပြီးသေးဘူးလား"

ကေသွယ်ကဘေးတွင် ထိုင်နေသော မိုင့်(မိုင်ဝေး)ကို မေးလိုက်သည်။

"ပြီးတော့မှာပါ guideအမီလေး ပြီးမှ အဆင်ပြေမှာ အဲဒီကလေးအမေက ငါ့ကို သိပ်မကြည်ချင်တော့ဘူး"

အားလုံးထဲမှ ကွဲထွက်နေပြီး ဗလာစာအုပ်အား သဲကြီးမဲကြီး မင်နီကိုင်စစ်နေသော မိုင့်အား ကြည့်ကာ ကေသွယ်က

"ဘာလားဟ"

"ငါကနောက်ကျတာကို အမြဲတမ်း ပြီးတော့ငါလည်း အလုပ်မရှိလို့သာလုပ်ရတာ လစာက နည်းနေတယ်"

အိမ်ခေါ်သင်သည့် ဂိုက်တစ်ခုကို မိုင် ဝင်လုပ်နေခြင်းဖြစ်ပြီး ဘွဲ့မရသေးသောကြောင့် လစာက ညစ်ချင်ကြသည်။ ဒါကို ကြားနေကျဖြစ်နေသော ကေသွယ်က ထိုအခါမှ စကားလွှဲဟန်ပြင်သည်။

"အေးပါဟာ ငါတို့( ... )café သွားရအောင် ငါ bubble tea သောက်ချင်တယ်"

"ရှိုင်းကို ခေါ်သွားလိုက်လေ ငါမလိုက်တော့ဘူး"

"နင့်အတွက် ဘာဝယ်ခဲ့ရမလဲ"

"မဝယ်ပါနဲ့တော့ ငါမသောက်ချင်ဘူး "

I'm so lonely I'm so lonely ...

"ဟယ်လို"

"ဟယ်လို ရှောင်မိုင်"

ဖုန်းစကရင်အား တစ်ချက်ပြန်ကြည့်ရင်း နားသို့ ကပ်နားထောင်လိုက်သည်။

"ဟုတ် ဦးကြီးပြော"

" ... "

မိုင်phအားချ၍ စိတ်ပျက်စွာ ရေရွတ်မိသည်။ အချိန်သိပ်မကြာပေမဲ့ လိုရာဆွဲပြောသွားသော ဦးလေးကြီး၏ စကားများတွင် လက်ထပ်ပွဲ ဆိုတာကိုသာ နားထဲဝင်ပြီး တင်ကျန်ခဲ့သည်။ ဘွဲ့တောင်မရသေးဘဲ မင်္ဂလာဆောင်ဖို့လာတိုက်တွန်းနေသောကြောင့် ဖုန်းကိုကြည့်ကာ အခြောက်ကပ် ရယ်သည်။

"လက်ထပ်ပွဲ ... အဟက်"

***

Anniversary Party

နှင်းဆီစံအိမ်၏ ခြံဝန်းထဲ၌ စပေ့ါမီးများနှင့်အတူ ညစာစားပွဲတစ်ခု။ ဇနီးမောင်နှံနှစ်ဦး၏ တစ်နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားနှင့်အတူ မွေးနေ့ပွဲအား တစ်ချိန်တည်း ကျင်းပနေသည်။ လူကုံထံ အသိုင်းအဝိုင်းတစ်ခု ဖြစ်သောကြောင့် ညရောင်မီးများနှင့် ပွဲတက်ဂါဝန်ကြီးနှင့် လှနေကြသော မိန်းမပျိုများ။ ယောကျ်ားသားများကလည်း ခန့်ညားစွာ ဝတ်ဆင်ထားကြသည်။

"ဟျောင့် စစ်သည် မင်းလာမယ်လို့တော့ ထင်သား"

"လာရမှာပေါ့ကွာ"

"အခုလာပေးတာ ကျေးဇူးတင်ပါတယ်နော် ကိုစစ်"

Roseက ဝင်ပြောသည်။ Roseက အနီရောင်ဖဲစ ဂါဝန်ကြီးကို ဝတ်ဆင်ထားပြီး လက်တစ်ဖက်က သူ့ခင်ပွန်းဖြစ်သူ လက်မောင်းအား ချိတ်တွယ်ထားသည်။ ညအလှနှင့်အတူ လှပါသည်။

မင်းစစ်သည်ကတော့ တစ်ချိန်က ရင်ခုန်ခဲ့ဖူးသော နှလုံးသားတစ်စုံကြောင့် တစ်ချက်သာကြည့်၍ ဘေးနားရှိသော ဝိုင်ခွက်အား ကောက်ယူသောက်လိုက်သည်။

"ဟော် ခြင်းတို့တောင် လာပါလား"

စစ်သည် လှည့်ကြည့်လိုက်သောအခါ သူ့၏အချစ်ဆုံး သူငယ်ချင်း စစ်မှန်ခြင်း။ သူတို့နှစ်ယောက်သည် ငယ်ငယ်တည်းက ပခုံးဖက်ပေါင်းလာသည့်သူများ။ သွားတူ လာတူပင်။ လွန်ခဲ့သော ငါးနှစ်ကမှ Parisသို့ အလုပ်ဖြင့် ထွက်သွားသည်။ ခုကျတော့လည်း ဆိုင်းမဆင့်ဗုံမဆင့် ရောက်ချလာသည်။

မင်းစစ်သည်နှင့် စစ်မှန်ခြင်းသည် အကျင့်စရိုက် တော်တော်များများ တူသည်။ အကြိုက်ချင်း တူသည်။ ဝါသနာခြင်းလည်း တူသည်။ ညီအစ်ကိုလည်း တော်သည်။ စစ်အဘွားနှင့် ခြင်းအဘွားနှင့်က ညီအစ်မအရင်းပင်။ သို့သော် မတူညီသည်က သူတို့နှလုံးသား ရေးရာနှင့် ခံယူချက် အကျင့်စရိုက်များ။

"ဆောရီးစစ် ငါရောက်လာတာ မပြောမိဘူး ဘွားက ခုချက်ချင်းခေါ်လို့"

"အဟွန့် လက်ထပ်ဖို့ပဲ မဟုတ်လား"

"သိပြီးရော ငါလည်းနောက်ရက် မန္တလေးဆင်းရမယ် သတို့သမီးလောင်းသွားကြည့်ရတော့မယ်"

"တူတူပါပဲ အကျပ်ကိုင်ပုံချင်းပဲ မတူတာ"

"အေး မင်းကရော ဘယ်သူတဲ့လဲ ငါကတော့ တောသူမလေးလို့ ပြောတာပဲ ငါ့ထက်လည်း ဆယ်နှစ်တောင်ငယ်တယ် ဘယ်လိုစိတ်ကူးနဲ့ ဘွားတို့ပေးစားချင်ရတာလဲ ငါတော့ကီးကိုက်မှာ မဟုတ်တာ သေချာတယ်"

"ဦးကမ္ဘာမြေခြားရဲ့သမီး"

ခြင်းက မျက်ခုံးတစ်ချက်သာပင့်၍ ရယ်သည်။

"မင်းရဲ့ ရေခဲနှလုံးသားကို အရည်ပျော်အောင် လုပ်ပေးနိုင်မည်လို့တော့မထင်"

Partyပွဲ တစ်နေရာ၌မူ

"ကျစ် နေရခက်လိုက်တာ"

"DD နင်လာပြီလား ငါ့မွေးနေ့လက်ဆောင်ကရော"

"ရော့ ငါနေရခက်နေပြီ ဘာလို့သီးသန့် မလုပ်တာလဲ အရင်လို Dj မတီးရတာတော့ အဆင်မပြေဘူးကွာ ကျစ်"

"မမRoseကို ငါမနိုင်ဘူးဟ ပေါင်းလုပ်တဲ့ Djကတော့ တီးခိုင်းမယ်လို့ပြောတယ် လူကြီးတွေ ပြန်သွားရင်9:30လောက်ဆို ပြန်ပါပြီ"

"သောက်စရာ ဘာရှိလဲ ခဏနေမှ အဝတ်လဲတော့မယ်"

"ဟိုဘက်မှာရှိတယ် လာငါလိုက်ပို့မယ်"

"ဟင် ... ဦး"

"ဟမ် နင်ဘာတွေ ပြောနေတလဲ"

"သက်ထား ဟိုနားမှာ ရပ်နေတဲ့ လူနှစ်ယောက်ကိုသိလား"

"သြော် ဦးမင်းစစ်သည်နဲ့ ဦးစစ်မှန်ခြင်းပဲ"

"အညိုရောင် ဝတ်ထားတာက ဦးမင်းစစ်သည်တဲ့ UGရဲ့ CEO တော်တော်ချောတယ် ဒါပေမဲ့ သူက မိန်းကလေးတွေ လုံးဝ စိတ်မဝင်စားဘူးတဲ့ သူက အလုပ်ကျိုး အချိန်ပြည့် အလုပ်တွေနဲ့ပြီးတော့ လျှို့ဝှက်ချက်တစ်ခု ရှိတယ်ဟ သူကခုထိ ငါ့အစ်မကို ကြိုက်တုန်း"

"ဦးစစ်မှန်ခြင်းကတော့ Parisမှာ နေတာများတယ် သူတို့နှစ်ယောက်က ညီအစ်ကိုတော်တယ်လေ သူတို့က King Villaရဲ့အမွေဆက်ခံသူတွေ"

သက်ထားမှာ စပ်စုသူပီပီ တော်တော်များများ သိသည်။ သက်ထားကတော့ ဘေးကနေပြောနေသည် အသွင်ခြားကတော့ ကြားတစ်ချက် မကြားတစ်ချက်။ နားထဲတွင်လည်း

"ငါ့အစ်မRoseကို ခုထိကြိုက်တုန်း" က ပဲ့တင်ထပ်လျက်။ မင်းစစ်သည် နှုတ်ခမ်းပါးရဲရဲလေးမှ တိုးတိုးလေးရေရွတ်လျက်။ ဦးနှောက်ကလည်း အလုပ်ပေးနေသည်။

သူချစ်ရတဲ့ ဦးနှလုံးလေးကိုချဉ်းကပ်ဖို့ အကြံဉာဏ်များ။ သို့သော် ထွက်မလာ။ မိုက်က အသံတစ်ခုကြောင့် တွေးလက်စများ ရပ်သွားသည်။

"ကြွရောက်လာကြတဲ့ လူကြီးမင်းအားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။ အခုပွဲလေးက ကျွန်မတို့ မင်္ဂလာနှစ်ပတ်လည် တစ်နှစ်ပြည့်အပြင် ကျွန်မညီမလေးရဲ့ 23နှစ်မြောက်မွေးနေ့လည်း ဖြစ်ပါတယ်ရှင့် အဲဒါကြောင့်"

"ဖျတ်"

***